
iBFAM

www.iBFAM.org

BE FRUITFUL AND MULTIPLY



# ကြွယ်ဝပြည့်စုံသောဘဝအသက်တာ

သင်ခန်းစာအတွဲ ၃ **နံရံများ**

သူခိုးသည် ခိုးခြင်း၊ သတ်ခြင်း၊ ဖျက်ဆီးခြင်းငှါသာ လာတတ်၏။ ငါမူကား၊ သိုးတို့သည် အသက်လွတ်ရုံမျှ မက အထူးသဖြင့် အသက်နှင့် ပြည့်စုံစေခြင်းငှါ လာသတည်း။ **(ရှင်ယောဟန်ခရစ်ဝင်၊ ၁၀း၁၀)**

နံရံများ
သင်ခန်းစာအတွဲ ၃

မာတိကာ


| သင်ခန်းစာများ | | စာမျက်နှာ |
|---|---|---|
| ၃ - ၁ | ခရစ်တော်၏ နောက်တော်သို့လိုက်ပါ<br>ကျွန်ုပ်တို့အား နောက်သို့လိုက်ရန် ယေရှုခေါ်သည် | - ၃ - |
| ၃ - ၂ | ခရစ်တော်၏ နောက်တော်သို့လိုက်ပါ<br>ခရစ်တော်၏နောက်သို့လိုက်ခြင်းသည် သူ့အား အားကိုးမျှော်လင့်ဖို့ လိုအပ်သည် | - ၄ - |
| ၃ - ၃ | ခရစ်တော်၏ နောက်တော်သို့လိုက်ပါ<br>ခရစ်တော်၏ နောက်တော်လိုက်များသည် အခြားသူများအား သတင်းကောင်းဝေငှကြသည် | - ၅ - |
| ၃ - ၄ | အခြားသူများအား ယေရှုအကြောင်းပြောပါ<br>အခြားသူများ ယေရှုနောက်လိုက်ဖို့ရန် ဦးဆောင်ပေးပါ | - ၆ - |
| ၃ - ၅ | အခြားသူများအား ယေရှုအကြောင်းပြောပါ<br>အခြားသောသူများအား သတင်းကောင်းပြောပြပါ | - ၇ - |
| ၃ - ၆ | အခြားသူများအား ယေရှုအကြောင်းပြောပြပါ<br>သတင်းကောင်းကို နားထောင်ရန် လူများစွာတို့သည် အသင့်ဖြစ်နေကြသည် | - ၈ - |
| ၃ - ၇ | ဘုရားသခင်အား ချစ်ခြင်း<br>ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ခြင်းသည် အရေးကြီးဆုံးသောအရာဖြစ်သည် | - ၉ - |
| ၃ - ၈ | ဘုရားသခင်အား ချစ်ခြင်း<br>ကောင်းသောသိုးထိန်းကို သိခြင်း | - ၁၀ - |
| ၃ - ၉ | အခြားသောသူများကို ချစ်ခြင်း<br>ခရစ်တော်၏နောက်လိုက်များနှင့်စည်းလုံးညီညွတ်စွာအသက်ရှင်ခြင်း | - ၁၁ - |
| ၃ - ၁၀ | အခြားသောသူများအား ချစ်ခြင်း<br>လောကအတွက် အလင်းဖြစ်ခြင်း | - ၁၂ - |
| ၃ - ၁၁ | တပည့်တော်ဖြစ်စေခြင်း<br>ငါ့သိုးတို့ကို ကျွေးမွေးပါ | - ၁၃ - |
| ၃ - ၁၂ | တပည့်တော်ဖြစ်စေခြင်း<br>ကျွန်ုပ်တို့တပည့်တော် မွေးထုတ်သောအခါ ခရစ်တော်သည် ကျွန်ုပ်တို့နှင့်အတူရှိတော်မူ၏။ | - ၁၄ - |
| ၃ - ၁၃ | တပည့်တော်ဖြစ်စေခြင်း<br>ယုံကြည်သူများအား ခွန်အားပေးခြင်းနှင့် ရဲရင့်စေခြင်း | - ၁၅ - |

# ခရစ်တော်၏ နောက်တော်သို့လိုက်ပါ

## ကျွန်ုပ်တို့အား နောက်တော်သို့လိုက်ရန် ယေရှုခေါ်သည်

သင်ခန်းစာ

၃ - ၁

## သင်ခန်းစာခေါင်းစီး - မြေဆီလွှာကိုပြုပြင်ပေါင်းသင်ခြင်း

ယေရှုသည် လူများအား သူ၏နောက်တော်သို့လိုက်စေချင်သည်။ ခရစ်တော်၏နောက်တော်လိုက်များသည် သူ၏သွန်သင်မှုများနှင့် နည်းလမ်းများကို သတိမူလျှက် အသက်ရှင်သောသူများဖြစ်ပါသည်။

**အဓိကကျမ်းပိုဒ်** - ထိုအခါေယရှုက၊ ငါ၌ဆည်းကပ်လိုသောသူဖြစ်လျှင် ကိုယ်ကိုငြင်းပယ်ရမည်။ ကိုယ်လက်ဝါးကပ်တိုင်ကိုထမ်း၍ ငါ့နောက်သို့လိုက်ရမည်။။ **(ရှင်မဿဲခရစ်ဝင်၊ ၁၆:၂၄-၂၅)**

## သမ္မာကျမ်းစာပုံဝတ္ထု - မျိုးစေ့ကြဲခြင်း

### မိတ်ဆက်ပေးခြင်းသည် ကျမ်းစာပုံတ္ထုကို နားလည်စေရန် သတင်းအချက်အလက်ပေးပါသည်။

ယေရှုသည် မိမိလူထုသာသနာကို အစပြုသောအခါ ပထမဦးဆုံးပြုလုပ်သည့်အရာမှာ တပည့်တော်များကိုနောက်တော်လိုက်စေလျှက် နည်းလမ်းများကို သင်ယူစေသည်။

### သမ္မာကျမ်းစာပုံဝတ္ထုသည် ဤနေရာမှ အစပြုပါသည် -

၁၈ ဂါလိလဲအိုင်နားမှာ ကြွတော်မူစဉ်၊ ပေတရုဟူ၍ ခေါ်ဝေါ်သော ရှိမုန်နှင့် အန္ဒြေ ညီအစ်ကိုနှစ်ယောက်တို့သည် တံငါဖြစ် ၍၊
အိုင်တွင် ပိုက်ကွန်ဖြန့်ချသည်ကို မြင်တော်မူလျှင်၊ ၁၉ ထိုသူတို့အား ငါ့နောက်သို့လိုက်ကြလော့။ သင်တို့သည် လူကိုမျှား
သောတံငါဖြစ်စေခြင်းငှာ ငါပြုမည်ဟု အမိန့်တော်ရှိလေသော်၊ ၂၀ ထိုသူသည် ချက်ချင်းပိုက်ကွန်ကိုစွန့်ပစ်၍ နောက်တော် သို့
လိုက်ကြ၏။ ၂၁ ထိုမှ လွန်ပြန်လျှင် အခြားသောညီအစ်ကိုနှစ်ယောက်က၊ ဇေဗေဒဲ၏သား ယာကုပ်နှင့် ယောဟန်တို့ သည်
သူတို့အဘနှင့်အတူ လှေပေါ်မှာ ပိုက်ကွန်ပြင်နေသည်ကို မြင်၍ ခေါ်တော်မူ၏၊ ၂၂ ထိုသူတို့သည်လည်း ချက်ချင်း အဘနှင့်
လှေကို စွန့်ပစ်၍ နောက်တော်သို့လိုက်ကြ၏။ **(ရှင်မဿဲခရစ်ဝင် ၄:၁၈-၂၂)**

## ရှာဖွေလေ့လာခြင်းဖြစ်စဉ် - ရေလောင်းခြင်းနှင့် မြေဩဇာထည့်ခြင်း

## သင်ခန်းစာဖြည့်စွက်ကျမ်းပိုဒ် - အကိုင်းအခက်များကိုချိုင်ခြင်း

(မဿဲ ၁၉:၂၁၊ ယောဟန် ၈:၁၂၊ ယော ၁၀:၂၇၊ လုကာ ၉:၅၇-၆၂)

## လက်တွေ့မေးခွန်းများနှင့်နိဂုံးချုပ် - ခူးဆွတ်ရိတ်သိမ်းခြင်း - (၂တိ ၃:၁၆-၁၇)

နိဂုံး - ယေရှုသည် မိမိ၏နည်းလမ်းများကို သတိပြုရန်နှင့် လိုက်လျှောက်ရန် ကျွန်ုပ်တို့အား စေခိုင်းတော်မူသည်။။

# ခရစ်တော်၏ နောက်တော်သို့လိုက်ပါ

ခရစ်တော်၏နောက်သို့လိုက်ခြင်းသည် သူ့အားအားကိုးမျှော်လင့်ဖို့ လိုအပ်သည်

သင်ခန်းစာ
၃-၂

---

## သင်ခန်းစာခေါင်းစီး - မြေဆီလွှာကိုပြုပြင်ပေါင်းသင်ခြင်း

ခရစ်တော်၏နောက်တော်သို့လိုက်ခြင်းဆိုသည်မှာ ကျွန်ုပ်တို့၏မျှော်လင့်ခြင်းနှင့် ကိုးသားခြင်းအားလုံးကိုခရစ်တော်၌ထားခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏အသက်တာတွင် မျှော်လင့်အားကိုးသောမည်သည့်အရာမဆို စစ်မှန်သောနောက်တော်လိုက်ဖြစ်ရန် အဆီးအတားဖြစ်နိုင်သည်။

**အဓိကကျမ်းပိုဒ် -** ထိုအခါေယရှုက၊ ငါ၌ဆည်းကပ်လိုသောသူဖြစ်လျှင် ကိုယ်ကိုငြင်းပယ်ရမည်။ ကိုယ်လက်ဝါးကပ်တိုင်ကိုထမ်း၍ ငါ့နောက်သို့လိုက်ရမည်။။ **(ရှင်မဿဲခရစ်ဝင်၊ ၁၆:၂၄-၂၅)**

## သမ္မာကျမ်းစာပုံဝတ္ထု - မျိုးစေ့ကြဲခြင်း

### မိတ်ဆက်ပေးခြင်းသည် ကျမ်းစာပုံတ္ထုကို နားလည်စေရန် သတင်းအချက်အလက်ပေးပါသည်။

ကြွယ်ဝချမ်းသာခြင်းသည် လူများမျှော်လင့်ကိုးစားသောအရာများထဲမှ တစ်ခုဖြစ်သည်။ ဤအဖြစ်အပျက်ထဲမှ ခရစ်တော်ထံချဉ်းကပ်သောသူသည် လူချမ်းသာတစ်ဦးဖြစ်သည်။

### သမ္မာကျမ်းစာပုံဝတ္ထုသည် ဤနေရာမှ အစပြုပါသည် -

၁၆ ထိုနောက် လူတစ်ယောက်သည် ချဉ်းကပ်၍၊ ကောင်းမြတ်သောဆရာ ထာဝရအသက်ကို ရအံ့သောငှါ အကျွန်ုပ်သည် အဘယ်ကောင်းမှုကို ပြုရပါမည်နည်းဟု မေးလျှောက်သော်၊ ၁၇ ငါ့ကို ကောင်းမြတ်သည်ဟု အဘယ်ကြောင့်ခေါ်သနည်း၊ ဘုရားသခင်တစ် ပါးတည်းသာ ကောင်းမြတ်တော်မူ၏။ အသက်ရှင်ခြင်းသို့ဝင်စားလိုလျှင် ပညတ်တော်တို့ကို စောင့်ရှောက်လော့ဟု မိန့်တော်မူ၏။ ၁၈ အဘယ်ပညတ်တို့ကို စောင့်ရှောက်ရမည်နည်းဟု လျှောက်ပြန်သော်၊ လူအသက်ကိုမသတ်နှင့်၊ သူမယားကို မပြစ်မှားနှင့်၊ သူ့ဥစ္စာကို မခိုးနှင့်၊ မမှန်သောသက်သေကိုမခံနှင့်၊ ၁၉ မိဘကိုရိုသေစွာပြုလော့၊ ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်လော့ ဟုမိန့် တော်မူ၏။ ၂၀ ထိုလုလင်ကလည်း ထိုပညတ်ရှိသမျှတို့ကို အကျွန်ုပ်သည် ငယ်သောအရွယ်မှစ၍ စောင့်ရှောက်ပါပြီ။ အဘယ်အကျင့် လိုသေးသနည်းဟု လျှောက်ပြန်လေ၏။ ၂၁ ယေရှုကလည်း၊ သင်သည် စုံလင်ခြင်းသို့ ရောက်လိုလျှင် သွားလော့။ ကိုယ်ဥစ္စာများကိုရောင်း၍ ဆင်းရဲသောသူတို့အား ပေးလော့။ ထိုသို့ပြုလျှင် ကောင်းကင်ဘုံ၌ဘဏ္ဍာကို ရလိမ့်မည်။ သို့ပြီးမှ ငါ့နောက်သို့ လိုက်လော့ဟု မိန့်တော်မူ၏။ ၂၂ ထိုလုလင်သည် များစွာသောဥစ္စာကိုရတတ်သောသူဖြစ်၍၊ ထိုစကားကို ကြားလျှင် စိတ်မသာသည်နှင့် သွားလေ၏။ **(ရှင်မဿဲခရစ်ဝင် ၁၉:၁၆-၂၂)**

## ရှာဖွေလေ့လာခြင်းဖြစ်စဉ် - ရေလောင်းခြင်းနှင့် မြေသြဇာထည့်ခြင်း

## သင်ခန်းစာဖြည့်စွက်ကျမ်းပိုဒ် - အကိုင်းအခက်များကိုချိုင်ခြင်း

(မဿဲ ၆:၁၉-၂၁၊ သုတ္တံ ၃:၅-၆၊ ရောမ ၁၅:၁၃၊ ၁သက် ၁:၃))

## လက်တွေ့မေးခွန်းများနှင့်နိဂုံးချုပ် - ခူးဆွတ်ရိတ်သိမ်းခြင်း - (၂တိ ၃:၁၆-၁၇)

**နိဂုံး -** ခရစ်တော်၏နောက်တော်လိုက်များသည် ခရစ်တော်တစ်ဦးတည်း၌သာ မျှော်လင့်လျှက်အားကိုးသင့်သည်။

# ခရစ်တော်၏ နောက်တော်သို့လိုက်ပါ

ခရစ်တော်၏ နောက်တော်လိုက်များသည် အခြားသူများအား သတင်းကောင်းဝေငှကြသည်

သင်ခန်းစာ
၃ - ၃

## သင်ခန်းစာခေါင်းစီး - မြေဆီလွှာကိုပြုပြင်ပေါင်းသင်ခြင်း

ပျောက်သောသူများကို ရှာ၍ ကယ်တင်ဖို့ရန် ယေရှုလာရောက်ခဲ့ခြင်းဖြစ်သည်။ ခရစ်တော်၏နောက်တော်လိုက်တစ်ယောက်အနေဖြင့် ယေရှုလုပ်ဆောင်ခဲ့သကဲ့သို့ ကျွန်ုပ်တို့သည်လည်းပျောက်ဆုံးသောဝိညာဉ်များရှိရာသို့သွားရောက်ရမည်။

**အဓိကကျမ်းပိုဒ်** - ထိုအခါေယရှုက၊ ငါ၌ဆည်းကပ်လိုသောသူဖြစ်လျှင် ကိုယ်ကိုငြင်းပယ်ရမည်။ ကိုယ်လက်ဝါးကပ်တိုင်ကိုထမ်း၍ ငါ့နောက်သို့လိုက်ရမည်။။ **(ရှင်မဿဲခရစ်ဝင်၊ ၁၆:၂၄-၂၅)**

## သမ္မာကျမ်းစာပုံဝတ္ထု- မျိုးစေ့ကြဲခြင်း

**မိတ်ဆက်ပေးခြင်းသည် ကျမ်းစာပုံတ္ထုကို နားလည်စေရန် သတင်းအချက်အလက်ပေးပါသည်။**

ကျေးလက်ဒေသတစ်လျှောက်လုံးတွင် ယေရှုသည် သမ္မာတရားများကို သွန်သင်လျက်ရှိပါသည်။ ယေရှုသွန်သင်သည့် နှုတ်ကပတ်တော်များကို ကြားနာရန် လူများစွာတို့သည် လာရောက်လျက်ရှိပါသည်။။

**သမ္မာကျမ်းစာပုံဝတ္ထုသည် ဤနေရာမှ အစပြုပါသည် -**

၁၃ နောက်တစ်ဖန် အိုင်နားသို့ ကြွတော်မူ၍၊ လူအစုအဝေးအပေါင်းတို့သည် အထံတော်သို့လာကြလျှင်၊ သူတို့အား ဆုံးမဩဝါဒပေးတော်မူ၏။ ၁၄ လမ်း၌ ကြွတော်မူစဉ်၊ အာလဖဲ၏သား လေဝိသည် အခွန်ခံရာတဲ၌ ထိုင်နေသည်ကို မြင်သော်၊ ငါ့နောက်သို့လိုက်လော့ဟု မိန့်တော်မူ၏။ ၁၅ ထိုသူသည်လည်း လ၍ လိုက်လေ၏။ ထိုနောက်မှ သူ၏အိမ်တွင် စားပွဲ၌ လျောင်းတော်မူစဉ် အခွန်ခံသောသူများနှင့် ဆိုးသောသူများတို့သည် ကိုယ်တော်မှစသော တပည့်တော်တို့နှင့်တကွ စားပွဲ၌လျောင်းကြ၏။ ထိုသူအများတို့သည် နောက်တော်သို့ လိုက်ကြ၏။ ၁၆ ထိုသို့ အခွန်ခံသောသူ၊ ဆိုးသောသူတို့နှင့်အတူ စားတော်မူသည်ကို ကျမ်းပြုဆရာဖာရိရှဲတို့သည် မြင်လျှင်၊ ဤသူသည် အခွန်ခံသောသူ၊ ဆိုးသောသူတို့နှင့်အတူ အဘယ်ကြောင့် စားသောက်သနည်းဟု တပည့်တော်တို့အား ဆိုကြ၏။ ၁၇ ယေရှုသည် ကြားတော်မူလျှင်၊ ကျန်းမာသောသူတို့သည် ဆေးသမားကို အလိုမရှိကြ၊ နာသောသူတို့သာလျှင် အလိုရှိကြ၏။ ဖြောင့်မတ်သောသူတို့ကို နောင်တသို့ခေါ်ခြင်းငှာ ငါလာသည်မဟုတ်၊ ဆိုသောသူတို့ကို ခေါ်ခြင်းငှာ ငါလာသတည်းဟု မိန့်တော်မူ၏။ **(ရှင်မာကုခရစ်ဝင် ၂:၁၃-၁၇)**

## ရှာဖွေလေ့လာခြင်းဖြစ်စဉ် - ရေလောင်းခြင်းနှင့် မြေဩဇာထည့်ခြင်း

## သင်ခန်းစာဖြည့်စွက်ကျမ်းပိုဒ် - အကိုင်းအခက်များကိုချိုင်ခြင်း

(သုတ္တံ ၁၉:၁၇၊ လုကာ ၁၅:၁-၃၁၊ လုကာ ၁၉:၁၀၊ ဂလာတိ ၆:၉-၁၀၊ ယာကုပ် ၃:၁၈)

## လက်တွေ့မေးခွန်းများနှင့်နိဂုံးချုပ် - ခူးဆွတ်ရိတ်သိမ်းခြင်း - (၂တိ ၃:၁၆-၁၇)

**နိဂုံး -** ခရစ်တော်၏နောက်တော်လိုက်များအနေဖြင့် ခရစ်တော်သည် ၎င်း၏ပတ်ဝန်းကျင်ရှိသော ပျောက်ဆုံးသောဝိညာဉ်များထံသို့သွားရောက်သကဲ့သို့ ကျွန်ုပ်တို့သည်လည်း အနီးတွင်ရှိသော ပျောက်ဆုံးသောသူများထံသို့ သွားရောက်ကြရမည်။

# အခြားသူများအားယေရှုအကြောင်းပြောပါ

အခြားသူများ ယေရှုနောက်လိုက်ဖို့ရန် ဦးဆောင်ပေးပါ

သင်ခန်းစာ
၃-၄

## သင်ခန်းစာခေါင်းစီး - မြေဆီလွှာကိုပြုပြင်ပေါင်းသင်ခြင်း

ဘုရားသခင်သည် လူသားအားလုံးနှင့် ပြန်လည်မိတ်သဟာယဖို့ရန် အလိုရှိတော်မူသည်။ ခရစ်တော်၏နောက်တော်လိုက်များ အနေဖြင့် အခြားသူများအား ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ဖို့ရန် ဦးဆောင်ပေးဖို့ရန် ခေါ်ခြင်းခံရကြသည်။

**အဓိကကျမ်းပိုဒ် -** သို့ရာတွင်၊ မယုံကြည်လျှင် အဘယ်သို့ ပတ္တနာပြုနိုင်မည်နည်း။ သတင်းမကြားလျှင် အဘယ်သို့ ယုံကြည်နိုင်မည်နည်း။ ဟောပြောသောသူမရှိလျှင် အဘယ်သို့ ကြားနိုင်မည်နည်း။ လူကို မစေလွှတ်လျှင် အဘယ်သို့ ဟောပြောနိုင်မည်နည်း၊ ထိုသို့နှင့်အညီ ကျမ်းစာလာသည်ကား၊ ငြိမ်သက်ခြင်း၏ဝမ်းမြောက်စရာသတင်း၊ ကောင်းကျိုးချမ်းသာ၏ဝမ်းမြောက်စရာသတင်းကို ကြားပြောသော သူ၏ခြေတို့သည် အလွန်တင့်တယ်စွတကားဟု လာသတည်း။ **(ရောမဩဝါဒစာ ၁၀း၁၄-၁၅)**

## သမ္မာကျမ်းစာပုံဝတ္ထု- မျိုးစေ့ကြဲခြင်း

### မိတ်ဆက်ပေးခြင်းသည် ကျမ်းစာပုံတ္ထုကို နားလည်စေရန် သတင်းအချက်အလက်ပေးပါသည်။

ရှိမုန်ပေတရုသည် ခရစ်တော်နောက်သို့မလိုက်ခင် အထူးကျွမ်းကင်သောတံငါသည်ဖြစ်သည်။ ယခုအဖြစ်အပျက်တွင် ယေရှုသည် ပေတရုအား လူကိုမျှားသောတံငါ ဖြစ်စေခြင်းငှါ ခေါ်တော်မူသည်။

### သမ္မာကျမ်းစာပုံဝတ္ထုသည် ဤနေရာမှ အစပြုပါသည် -

၁ တစ်ရံရောအခါ ဂနေ်သရက်အိုင်နားမှာ ရပ်တော်မူ၍၊ လူများတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တရားကို နားထောင်ခြင်းငှာ ကိုယ်တော်အနီးသို့ တိုးဝင်ကြစဉ်တွင်၊ ကမ်းနားမှာဆိုက်သော လှေနှစ်စင်းကို မြင်တော်မူ၏။ ၂ တံငါတို့သည် လှေထဲကထွက်၍ ပိုက်ကွန်တို့ကို ဆေးလျှော်လျက် နေကြ၏။ ၃ ထိုလှေတို့တွင် ရှိမုန်၏ လှေထဲသို့ ဝင်တော်မူပြီးလျှင် လှေကိုကမ်းနားမှာ အနည်းငယ်ခွာဖွင့်စေခြင်းငှာ ရှိမုန်ကို အခွင့်တောင်းတော်မူ၏။ ထိုလှေပေါ်မှာ ထိုင်လျက် လူများတို့ကို ဆုံးမဩဝါဒပေးတော်မူ၏။ ၄ စကားတော်ပြတ်သောအခါ၊ ရေနက်ရာအရပ်သို့ ရွှေ့ဦးလော့။ ပိုက်ကွန်ကို ချ၍ ငါးကိုအုပ်စမ်းလော့ဟု ရှိမုန်အား မိန်းတော်မူ၏။ ၅ ရှိမုန်ကလည်း သခင်၊ အကျွန်ုပ်တို့သည်တစ်ညလုံးကြိုးစားသော်လည်း တစ်ကောင်းကိုမျှ မရပါ။ သို့ရာတွင် အမိန့်တော်ရှိလျှင် ပိုက်ကွန်ကိုချပါမည်ဟု လျှောက်လေ၏။ ၆ ထိုသို့ချကြပြီးလျှင်၊ အလွန်များစွာသော ငါးတို့ကို အုပ်မိသဖြင့် ပိုက်ကွန်သည် စုတ်ပြတ်စရှိ၏။ ၇ အခြားသော လှေတစ်စင်း၌ရှိသော အပေါင်းအဖော်တို့သည် လာ၍ ကူညီစေခြင်းငှာ သူတို့ကို အမှတ်ပေးသဖြင့် သူတို့သည်လာ၍ လှေနှစ်စင်းနစ်လုမတတ် ငါးနှင့်ပြည့်စေကြ၏။ ၈ ရှိမုန်ပေတရုသည် မြင်လျှင်၊ ယေရှု၏ပုဆစ်တော်ကို ဦးတိုက်၍ သခင်၊ အကျွန်ုပ်သည် အပြစ်များသောသူဖြစ်ပါ၏၊ အကျွန်ုပ်ဆီမှ ကြွသွားတော်မူပါဟု လျှောက်လေ၏။ ၉ အဘယ်ကြောင့် ဤသို့ လျှောက်သနည်းဟူမူကား၊ အုပ်မိသောငါးများကို ထောက်သဖြင့်၊ ရှိမုန်နှင့် သူ၏အပေါင်းအဖော် ဇေဗေဒဲ၏သား ယာကုပ်နှင့် ယောဟန်မှစ၍ ရှိမုန်နှင့် ပါသမျှသောသူတို့သည် မိန်းမောတွေဝေခြင်းရှိကြ၏။ ၁၀ ယေရှုကလည်း ကြောက်ရွံ့ခြင်းမရှိနှင့်။ သင်သည် ယခုမှစ၍ လူတို့ကို ဖမ်းမိသောသူဖြစ်လိမ့်မည်ဟု မိန့်တော်မူ၏။ ၁၁ ကမ်းနားမှာ လှေကို ဆိုက်ပြီးလျှင် ထိုသူတို့သည် ရှိသမျှတို့ကို စွန့်ပစ်၍ နောက်တော်သို့ လိုက်ကြ၏။ **(ရှင်လုကာခရစ်ဝင် ၅း၁-၁၁)**

## ရှာဖွေလေ့လာခြင်းဖြစ်စဉ် - ရေလောင်းခြင်းနှင့် မြေဩဇာထည့်ခြင်း

## သင်ခန်းစာဖြည့်စွက်ကျမ်းပိုဒ် - အကိုင်းအခက်များကိုချိုင်ခြင်း

( မဿဲ ၂၈း၁၈-၁၉၊ ၂ပေ ၃း၉၊ ယောဟန် ၄း၃၉-၄၂ )

## လက်တွေ့မေးခွန်းများနှင့်နိဂုံးချုပ် - ခူးဆွတ်ရိတ်သိမ်းခြင်း - (၂တိ ၃း၁၆-၁၇)

နိဂုံး - လူသားအားလုံးနှင့် မိတ်သဟာယဖွဲ့ဖို့ရန် ဘုရားသခင်အလိုရှိတော်မူ၏၊ ခရစ်တော်၏နောက်လိုက်များအနေဖြင့် အခြားသူများကို ခရစ်တော်နှင့် မိတ်သဟာယဖွဲ့စေဖို့ရာ ဦးဆောင်ဖို့ အထူးအခွင့်အရေးပေးခြင်းခံရကြသည်။

# အခြားသူများအားယေရှုအကြောင်းပြောပါ

အခြားသူများအား သတင်းကောင်းပြောပြပါ

သင်ခန်းစာ

၃ - ၅

## သင်ခန်းစာခေါင်းစီး - မြေဆီလွှာကိုပြုပြင်ပေါင်းသင်ခြင်း

အခြားသောသူများအား ယေရှုခရစ်တော်၏ သတင်းကောင်းကိုဝေငှဖို့ရန် ကျမ်းစာတော်မြတ်က ပြောပါသည်။ ယေရှုသည် ကယ်တင်ခြင်းပေးဖို့ရန် လာရောက်ခဲ့ကြောင်း သတင်းကောင်းကို ကြားနာဖို့ရန် အခွင့်အရေးသည် လူသားအားလုံးနှင့် ထိုက်တန်ပါသည်။

**အဓိကကျမ်းပိုဒ် -** သို့ရာတွင်၊ မယုံကြည်လျှင် အဘယ်သို့ ပတ္တနာပြုနိုင်မည်နည်း။ သတင်းမကြားလျှင် အဘယ်သို့ ယုံကြည်နိုင်မည်နည်း။ ဟောပြောသောသူမရှိလျှင် အဘယ်သို့ ကြားနိုင်မည်နည်း။ လူကို မစေလွှတ်လျှင် အဘယ်သို့ ဟောပြောနိုင်မည်နည်း၊ ထိုသို့နှင့်အညီ ကျမ်းစာလာသည်ကား၊ ငြိမ်သက်ခြင်း၏ဝမ်းမြောက်စရာသတင်း၊ ကောင်းကျိုးချမ်းသာ၏ဝမ်းမြောက်စရာသတင်းကို ကြားပြောသော သူ၏ခြေတို့သည် အလွန်တင့်တယ်စွတကားဟု လာသတည်း။ **(ရောမဩဝါဒစာ ၁ဝ:၁၄-၁၅)**

## သမ္မာကျမ်းစာပုံဝတ္ထု - မျိုးစေ့ကြဲခြင်း

### မိတ်ဆက်ပေးခြင်းသည် ကျမ်းစာပုံတ္ထုကို နားလည်စေရန် သတင်းအချက်အလက်ပေးပါသည်။

ရှင်ပေါလုသည် ကျော်ကြားသော ဓမ္မဆရာနှင့်တရားဟောဆရာတစ်ဦးဖြစ်သည်။ ဤအဖြစ်အပျက်တွင် ရှင်ပေါလုသည် သတင်းကောင်းကို ဝေငှသည်။ လူသားအားလုံးနှင့် မိတ်သဟာယဖွဲ့လိုသော ဘုရားသခင်၏ဆန္ဒသည် သတင်းကောင်းပင်ဖြစ်သည်။ ကျွန်ုပ်တို့၏ အပြစ်အတွက် ခရစ်တော်အသေခံတော်မူခြင်းအားဖြင့် ဘုရားသခင်နှင့် ကျွန်ုပ်တို့ မိတ်သဟာယဖွဲ့နိုင်သည်။

### သမ္မာကျမ်းစာပုံဝတ္ထုသည် ဤနေရာမှ အစပြုပါသည် -

၉ ညအခါ ပေါလုသည် ဗျာဒိတ်ရူပါရုံကို မြင်ရ၍၊ မာကေဒေါနိလူတစ်ယောက်က၊ မာကေဒေါနိပြည်သို့ ကူးပါ။ ငါတို့ကို မစပါဟု ရပ်လျက်တောင်းပန်၏ . ၁ဝ ထိုဗျာဒိတ်ရူပါရုံကို မြင်ရလျှင်၊ မာကေဒေါနိပြည်၌ ဧဝံဂေလိတရားကို ဟောစေခြင်းငှာ သခင်ဘုရားသည် ငါတို့ကို ခေါ်တော်မူသည်ဟု ငါတို့သဘောကျသဖြင့်၊ ထိုပြည်သို့သွားခြင်းငှာ ချက်ချင်းရှာကြံကြ၏။ ၁၁ ထိုကြောင့်၊ တရောမြို့မှ သင်္ဘောလွှင့်၍ သာမောသရက်ကျွန်းသို့ တည့်တည့်သွားသဖြင့် နက်ဖြန်နေ့၌ နာပေါလိမြို့သို့ ရောက်ကြ၏။ ၁၂ ထိုမြို့မှထွက်ပြန်လျှင် မင်းမှုလွတ်သောမြို့တည်းဟူသော မာကေဒေါနိပြည်တစ်ပိုင်းကို အစိုးရသော ဖိလိပ္ပိမြို့သို့ရောက်၍ ကာလအတန်အရာနေကြ၏။ ၁၃ ဥပုသ်နေ့၌ ငါတို့သည် မြို့ပြင်သို့ထွက်လျှင် ပတ္တနာဇရပ်ရှိတတ်ရာ မြစ်နားသို့သွား၍ ထိုင်ပြီးမှ၊ ထိုအရပ်၌စည်းဝေးသောမိန်းမတို့အား ဟောပြောကြ၏။ ၁၄ ထိုအခါ နီမောင်းသောအထည်အလိပ်ကို ရောင်းသော သွာတိရဲမြို့သူလုဒိအမည်ရှိသော မိန်းမတစ်ယောက်သည် ဘုရားသခင်ကို ကိုးကွယ်သောသူဖြစ်၍ တရားနာစဉ်တွင် ပေါလုဟောပြောသောအရာကို မှိဝဲဆည်းကပ်စေခြင်းငှာ သူ၏စိတ်နှလုံးကို သခင်ဘုရားဖွင့်တော်မူ၏။ ၁၅ ထိုမိန်းမသည် အိမ်သူအိမ်သားတို့နှင့်တကွ ဗတ္တိဇံကိုခံပြီးမှ ကျွန်မသည် သခင်ဘုရား၌ အမှန်ယုံကြည်သည်ကို သင်တို့သည် ထင်မှတ်လျှင်၊ ကျွန်မအိမ်သို့ ဝင်၍နေကြပါဟု တောင်းပန်လျက် ငါတို့ကို အနိုင်သွေးဆောင်လေ၏။ **(တမန်တော်ဝတ္ထု ၁၆:၉-၁၅)**

## ရှာဖွေလေ့လာခြင်းဖြစ်စဉ် - ရေလောင်းခြင်းနှင့် မြေဩဇာထည့်ခြင်း

## သင်ခန်းစာဖြည့်စွက်ကျမ်းပိုဒ် - အကိုင်းအခက်များကိုချိုင်ခြင်း

( မဿဲ ၁ဝ:၇-၈၊ မဿဲ ၂၈:၁၉-၂ဝ၊ မာကု ၁၆:၁၅၊ ၁ကော ၂:၁-၅၊ ရောမ ၁:၁၆-၁၇ )

## လက်တွေ့မေးခွန်းများနှင့်နိဂုံးချုပ် - ခူးဆွတ်ရိတ်သိမ်းခြင်း - (၂တိ ၃:၁၆-၁၇)

**နိဂုံး -** ဘုရားသခင်နှင့် တစ်ဦးချင်းမိတ်သဟာယဖွဲ့နိုင်ကြောင်း သတင်းကောင်းကို အခြားသူများအား ပြောပြရန် ခရစ်တော်၏နောက်လိုက်များသည် ခေါ်ခြင်းခံရကြသည်။

# အခြားသူများအားယေရှုအကြောင်းပြောပါ

သတင်းကောင်းကိုနားထောင်ရန်လူများစွာတို့သည် အသင့်ဖြစ်နေကြသည်

သင်ခန်းစာ
၃ - ၆

## သင်ခန်းစာခေါင်းစီး - မြေဆီလွှာကိုပြုပြင်ပေါင်းသင်ခြင်း

ရိတ်သိမ်းစရာများစွာရှိသော်လည်း ရိတ်သိမ်းသောသူနည်းကြောင်း ယေရှုပြောခဲ့သည်။ ယေရှုခရစ်တော်၏အကြောင်းကို ကြားနာဖို့ရန် လူများစွာတို့သည် စောင့်စားနေကြသည်။ ခရစ်တော်၏နောက်တော်လိုက်များသည် လူများအား သတင်းကောင်းကို ဝေငှသင့်သည်။

**အဓိကကျမ်းပိုဒ်** - သို့ရာတွင်၊ မယုံကြည်လျှင် အဘယ်သို့ ပတ္ထနာပြုနိုင်မည်နည်း။ သတင်းမကြားလျှင် အဘယ်သို့ ယုံကြည်နိုင်မည်နည်း။ ဟောပြောသောသူမရှိလျှင် အဘယ်သို့ ကြားနိုင်မည်နည်း။ လူကို မစေလွှတ်လျှင် အဘယ်သို့ ဟောပြောနိုင်မည်နည်း၊ ထိုသို့နှင့်အညီ ကျမ်းစာလာသည်ကား၊ ငြိမ်သက်ခြင်း၏ဝမ်းမြောက်စရာသတင်း၊ ကောင်းကျိုးချမ်းသာ၏ဝမ်းမြောက်စရာသတင်းကို ကြားပြောသော သူ၏ခြေတို့သည် အလွန်တင့်တယ်စွတကားဟု လာသတည်း။ **(ရောမဩဝါဒစာ ၁၀း၁၄-၁၅)**

## သမ္မာကျမ်းစာပုံဝတ္ထု- မျိုးစေ့ကြဲခြင်း

### မိတ်ဆက်ပေးခြင်းသည် ကျမ်းစာပုံတ္ထုကို နားလည်စေရန် သတင်းအချက်အလက်ပေးပါသည်။

သတင်းကောင်းကို မည်ကဲ့သို့ ဝေငှရမည်အကြောင်းကို တပည့်တော်များအား ခရစ်တော်ညွှန်ကြားမှုပေးခဲ့သည်။

### သမ္မာကျမ်းစာပုံဝတ္ထုသည် ဤနေရာမှ အစပြုပါသည် -

၁ ထိုနောက်မှ သခင်ဘုရားသည် အခြားသောတပည့်တော်ခုနစ်ကျိပ်တို့ကို ခန့်ထားတော်မူ၍ ကိုယ်တိုင်ကြွလေအံ့သော မြို့ရွာ
အရပ်ရပ်တို့ကိုရှေ့တော်၌ နှစ်ယောက်စီ နှစ်ယောက်စီ စေလွှတ်တော်မူ၏။ ၂ သူတို့အား မိန့်တော်မူသည်ကား၊ စပါးရိတ်စရာများ
စွာရှိ၏။ ရိတ်သောသူတို့သည် နည်းကြ၏။ ထိုကြောင့် လုပ်ဆောင်သူတို့ကို စပါးရိတ်စေခြင်းငှာစပါးရှင် စေလွှတ်တော်မူမည်
အကြောင်း ဆုတောင်းကြလော့။ ၃ သင်တို့သွားလေသည်အရာမှာ၊ တောခွေးစုထဲသို့ သိုးသငယ်တို့ကို စေလွှတ်သကဲ့သို့ သင်တို့ကို
ငါစေလွှတ်၏။ ၄ ငွေအိတ်၊ လွယ်အိတ်၊ ခြေနင်းတို့ကို မဆောင်ကြနှင့်။ လမ်း၌သွားစဉ်တွင် အဘယ်သူကိုမှ နှုတ်မဆက်ကြနှင့်။
၅မည်သည့်အိမ်သို့ဝင်သောအခါ၊ ဤအိမ်၌ မင်္ဂလာဖြစ်ပါစေသောဟု ရှေ့ဦးစွာပြောကြလော့။ ၆ ထိုအိမ်၌မင်္ဂလာသားရှိလျှင်၊ သင်
တို့မြွတ်သော မင်္ဂလာသည်တည်လိမ့်မည်။ ၇ သို့မဟုတ် သင်တို့ထံသို့ ပြန်လာလိမ့်မည်။ ထိုအိမ်၌နေ၍ အစားအသောက်စီရင်ရာ
ကို စားသောက်ကြလော့။ အကြောင်းမူကား၊ လုပ်ဆောင်သောသူသည် အခကိုခံထိုက်ပေ၏။ တစ်အိမ်မှတစ်အိမ်သို့ လှည့်လည်၍
မသွားကြနှင့်။ ၈ အကြင်မြို့သို့ သင်တို့ဝင်၍ မြို့သားတို့သည် လက်ခံ၏။ ထိုမြို့၌ သင်တို့ရှေ့မှာထည့်သမျှကို စားကြလော့။
၉ လူနာများကို ချမ်းသာပေးကြလော့။ ဘုရားသခင်၏နိုင်ငံတော်သည် သင်တို့၌တည်ထောင်သော အချိန်နီးပြီးဟု သူတို့အား
ဟောပြောကြလော့။ **(ရှင်လုကာခရစ်ဝင် ၁၀း၁-၉)**

## ရှာဖွေလေ့လာခြင်းဖြစ်စဉ် - ရေလောင်းခြင်းနှင့် မြေဩဇာထည့်ခြင်း

## သင်ခန်းစာဖြည့်စွက်ကျမ်းပိုဒ် - အကိုင်းအခက်များကိုချိုင်ခြင်း

( မဿဲ ၉:၃၅-၃၈၊ ယော ၄:၃၅-၃၈၊ ဟေရှာယ ၆:၈၊ ဂလာတိ ၆:၉-၁၀ )

## လက်တွေ့မေးခွန်းများနှင့်နိဂုံးချုပ် - ခူးဆွတ်ရိတ်သိမ်းခြင်း - (၂တိ ၃:၁၆-၁၇)

နိဂုံး - သတင်းကောင်းအား ကျွန်ုပ်တို့ ယုံကြည်လက်ခံပြီးဖြစ်ပါသည်။ ပတ်ဝန်းကျင်တွင်ရှိသောသူများအား သတင်းကောင်းဝေငှဖို့ရာ ကျွန်ုပ်တို့တွင် အထူး အခွင့်အရေးရရှိပါသည်။

# ဘုရားသခင်အား ချစ်ခြင်း

ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ခြင်းသည် အရေးကြီးဆုံးသောအရာဖြစ်သည်

သင်ခန်းစာ
၃ - ၇

## သင်ခန်းစာခေါင်းစီး - မြေဆီလွှာကိုပြုပြင်ပေါင်းသင်ခြင်း

ယေရှုသည် သူ၏နောက်လိုက်များအား စေခိုင်းခဲ့သည့်အရာများစွာရှိသည်။ အရေးအကြီးဆုံးမှာ ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ခြင်းပင်ဖြစ်သည်။

**အဓိကကျမ်းပိုဒ်** - သင်၏ဘုရားသခင်ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ ဉာဏ်ရှိသမျှ၊ အစွမ်းသတ္တိရှိသမျှနှင့်ချစ်လော့။ ဤပညတ်တော်သည် ပဌမပညတ်ဖြစ်၏။ **(ရှင်မာကုခရစ်ဝင် ၁၂:၃၀)**

## သမ္မာကျမ်းစာပုံဝတ္ထု - မျိုးစေ့ကြဲခြင်း

မိတ်ဆက်ပေးခြင်းသည် ကျမ်းစာပုံတ္ထုကို နားလည်စေရန် သတင်းအချက်အလက်ပေးပါသည်။
မာရိနှင့်မာသသည် ခရစ်တော်၏နောက်တော်လိုက်များဖြစ်ပြီး သူနှင့်ကောင်းမွန်သော မိတ်သဟာယဖွဲ့ခြင်းလည်းရှိသည်။
သမ္မာကျမ်းစာပုံဝတ္ထုသည် ဤနေရာမှ အစပြုပါသည် -

၃၈ ယေရှုသည် တပည့်တော်တို့နှင့် ခရီးသွားကြစဉ် ရွာတစ်ရွာသို့ဝင်သော်၊ မာသအမည်ရှိသော မိန်းမတစ်ဦးသည် မိမိအိမ်၌ ကိုယ်တော်ကို ဧည့်ခံလေ၏။ ၃၉ ထိုမိန်းမ၌မာရိအမည်ရှိသော ညီမတစ်ယောက်ရှိ၏၊ ၄၀ မာသမူကား၊ လုပ်ကျွေးခြင်းအမှုများ၌ စိတ်ပူပန်ခြင်းရှိသဖြင့် အထံတော်သို့ ချဉ်းကပ်၍၊ သခင်၊ ကျွန်မ၏ညီမသည် ကျွန်မတစ်ယောက်တည်း လုပ်ကျွေးစေခြင်းငှာ ကျွန်မကို ပစ်ထားသည်အရာကို လျစ်လျူသောစိတ်ရှိတော်မူသလော။ သူသည် ကျွန်မကို ကူညီမည့်အကြောင်း အမိန့်ရှိတော်မူပါဟု လျှောက်သော်၊ ၄၁ ယေရှုက၊ မာသ၊ မာသ၊ သင်သည်များစွာသောအမှုတို့၌ စိုးရိမ်၍ နှောင့်ယှက်ခြင်းကို ခံရ၏။ လိုသောအရာတစ်ခုတည်းရှိ၏။၄၂ မာရိမူကား၊ ကောင်းသောအဖို့ကို ရွေးယူပြီ။ ထိုအဖို့ကို အဘယ်သူမျှ မနုတ်မယူရာဟု မိန့်တော်မူ၏။ **(ရှင်လုကာခရစ်ဝင် ၁၀:၃၈-၄၂)**

## ရှာဖွေလေ့လာခြင်းဖြစ်စဉ် - ရေလောင်းခြင်းနှင့် မြေဩဇာထည့်ခြင်း

## သင်ခန်းစာဖြည့်စွက်ကျမ်းပိုဒ် - အကိုင်းအခက်များကိုချိုင်ခြင်း

( ယောဟန် ၁၄:၁၅၊ မဿဲ ၁၁:၂၈-၃၀၊ ဖိ ၂:၁၂-၁၃၊ လုကာ ၆:၄၇-၄၉ )

## လက်တွေ့မေးခွန်းများနှင့်နိဂုံးချုပ် - ခူးဆွတ်ရိတ်သိမ်းခြင်း - (၂တိ ၃:၁၆-၁၇)

**နိဂုံး** - ယေရှုခရစ်တော်အားဖြင့် ပေးတော်မူသောအမိန့်တော်မှာ ဘုရားသခင်အား စိတ်နှလုံးအကြွင်းမဲ့ အစွမ်းသတ္တိရှိသမျှ ဉာဏ်ရှိသမျှနှင့် ချစ်ဖို့ရန်ဖြစ်ပါသည်။

# ဘုရားသခင်အား ချစ်ခြင်း

ကောင်းသောသိုးထိန်းကို သိခြင်း

သင်ခန်းစာ
၃ - ၈

## သင်ခန်းစာခေါင်းစီး - မြေဆီလွှာကိုပြုပြင်ပေါင်းသင်ခြင်း

ခရစ်တော်၏နောက်လိုက်များသည် အသက်တာ၏အစိတ်အပိုင်းအားလုံး၌ ဘုရားသခင်ကို ချစ်ရန်ဖြစ်သည်။ ကျွန်ုပ်တို့ အရှိအတိုင်းဘုရားသခင်ကိုချစ်ရန် ဖြစ်သည်။ ဘုရားသခင်ကို သိရမည်ဖြစ်သည်။

**အဓိကကျမ်းပိုဒ် -** သင်၏ဘုရားသခင်ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ ဥာဏ်ရှိသမျှ၊ အစွမ်းသတ္တိရှိသမျှနှင့်ချစ်လော့။ ဤပညတ်တော်သည် ပဌမပညတ်ဖြစ်၏။ **(ရှင်မာကုခရစ်ဝင် ၁၂း၃၀)**

## သမ္မာကျမ်းစာပုံဝတ္ထု- မျိုးစေ့ကြဲခြင်း

မိတ်ဆက်ပေးခြင်းသည် ကျမ်းစာပုံတ္ထုကို နားလည်စေရန် သတင်းအချက်အလက်ပေးပါသည်။

နောက်တော်လိုက်များသည် သိုးကဲ့သို့ဖြစ်ပြီး သိုးများသည် သိုးထိန်းနောက်သို့လိုက်ကြကြောင်း ခရစ်တော်သည် တပည့်တော်များကို ရှင်းပြပါသည်။

သမ္မာကျမ်းစာပုံဝတ္ထုသည် ဤနေရာမှ အစပြုပါသည် -

၇ ထို့ကြောင့် တဖန်ယေရှုက ငါအမှန်အကန်ဆိုသည်ကား ငါသည် သိုးဝင်သောတံခါးဝဖြစ်၏။ ၈ ငါ့ရှေ့၌ပေါ်လာသောသူရှိသမျှ
တို့သည် သူခိုးဓားပြဖြစ်ကြ၏။ ထိုသူတို့၏စကားသံကို သိုးတို့သည် နားမထောင်ကြ။ ၉ ငါသည်တံခါးဝဖြစ်၏။ ငါဖြင့်ဝင်သော
သူသည် ဘေးနှင့်ကင်းလွတ်လျက် ထွက်ဝင်၍ ကျက်စားရာကို တွေ့ရလိမ့်မည်။ ၁၀ သူခိုးသည်ခိုးခြင်း၊ သတ်ခြင်း၊ ဖျက်ဆီးခြင်
ငှာသာ လာတတ်၏။ ငါမူကား၊ သိုးတို့သည် အသက်လွတ်ရုံမျှမက အထူးသဖြင့် အသက်နှင့် ပြည့်စုံစေခြင်းငှာ လာသတည်း။ ၁၁
ငါသည် ကောင်းသောသိုးထိန်းလည်းဖြစ်၏။ ကောင်းသောသိုးထိန်းသည် သိုးတို့အဖို့အလိုငှာ မိမိအသက်ကို စွန့်တတ်၏။ ၁၂
သိုးများကိုပိုင်သောသိုးထိန်းမဟုတ်၊ သူငှားဖြစ်သောသူမူကား၊ တောခွေးလာသည်ကိုမြင်လျှင်၊ သိုးတို့ကို ပစ်ထား၍ ထွက်ပြေး
တတ်၏။ တောခွေးသည်လည်း၊ သိုးတို့ကို လုယက်၍ ကွဲလွင့်စေ၏။ ၁၃ သူငှားသည် သူငှားဖြစ်၍ သိုးတို့၏အကျိုးကို မမှတ်
သောကြောင့် ထွက်ပြေးတတ်၏။ ၁၄ ငါသည် ကောင်းသောသိုးထိန်းဖြစ်၏။ ခမည်းတော်သည် ငါ့ကိုသိတော်မူ၍၊ ငါသည်လည်း
ခမည်းတော်ကို သိသကဲ့သို့ ငါ၏သိုးတို့ကို ငါသိ၏။ ငါ့သိုးတို့သည်လည်း ငါ့ကိုသိကြ၏။ **(ရှင်ယောဟန်ခရစ်ဝင် ၁၀း၇-၁၄)**

## ရှာဖွေလေ့လာခြင်းဖြစ်စဉ် - ရေလောင်းခြင်းနှင့် မြေသြဇာထည့်ခြင်း

## သင်ခန်းစာဖြည့်စွက်ကျမ်းပိုဒ် - အကိုင်းအခက်များကိုချိုင်ခြင်း

( ဆာလံ ၂၃၊ ဆာ ၁၀၀၊ မဿဲ ၉:၃၅-၃၆ )

## လက်တွေ့မေးခွန်းများနှင့်နိဂုံးချုပ် - ခူးဆွတ်ရိတ်သိမ်းခြင်း - (၂တိ ၃း၁၆-၁၇)

နိဂုံး - ကျွန်ုပ်တို့သည် ဘုရားသခင်ကို သိလာသောအခါ ဘုရားသခင်ကို ချစ်တတ်လာသည်။

# အခြားသောသူများကို ချစ်ခြင်း

ခရစ်တော်၏နောက်လိုက်များနှင့် စည်းလုံးညီညွတ်စွာအသက်ရှင်ခြင်း

သင်ခန်းစာ

၃-၉

---

## သင်ခန်းစာခေါင်းစီး - မြေဆီလွှာကိုပြုပြင်ပေါင်းသင်ခြင်း

ခရစ်တော်၏နောက်လိုက်များကို အသင်းတော်ဟု ခေါ်သည်။ အသင်းတော်သည် တလုံးတဝတည်းဖြစ်ရန် ခရစ်တော်မျှော်လင့်သည်။

**အဓိကကျမ်းပိုဒ် -** ကိုယ်နှင့် စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်လော့။ **(ရှင်မာကုခရစ်ဝင် ၁၂:၃၁)**

## သမ္မာကျမ်းစာပုံဝတ္ထု- မျိုးစေ့ကြဲခြင်း

မိတ်ဆက်ပေးခြင်းသည် ကျမ်းစာပုံတ္ထုကို နားလည်စေရန် သတင်းအချက်အလက်ပေးပါသည်။

ခရစ်တော်ကို ဆန့်ကျင်သော ဘာသာရေးခေါင်းဆောင်များသည် အသင်းတော်ခေါင်းဆောင်များအား ခရစ်တောနှင့် ပတ်သက်ပြီး မဟောပြော မသွန်သင်ရန် တားမြစ်ကြသည်။ ထိုအကြောင်းအရာကြောင့် အသင်းတော်သည် သင့်လျှော်သော တုံ့ပြန်မှုပေးရန် ဘုရားသခင်အား မေးလျှောက်ကြသည်။

သမ္မာကျမ်းစာပုံဝတ္ထုသည် ဤနေရာမှ အစပြုပါသည် -

၂၉ အို ထာဝရဘုရား၊ ယခုအခါ ထိုသူတို့၏ ခြိမ်းခြောက်ခြင်းကိုမှတ်တော်မူပါ။ ၃၀ အနာရောဂါငြိမ်စေခြင်းငှာ လက်တော်ကိုဆန့်
တော်မူ၍၊ သန့်ရှင်းသော သားတော်ယေရှု၏နာမတော်အားဖြင့် နိမိတ်လက္ခဏာ၊ အံ့ဖွယ်သောအမှုတို့ကို ဖြစ်စေတော်မူစဉ်တွင်၊
ကိုယ်တော်၏ကျွန်တို့သည် နှုတ်ကပတ်တရားတော်ကို ရဲရင့်စွာဟောပြောပါမည်အကြောင်း ကယ်မသနားတော်မူပါဟုဆုတောင်း
ကြ၏။ ၃၁ ထိုသို့ဆုတောင်းပတ္ထနာပြုပြီးမှ၊ စုဝေးသောအရပ်သည် တုန်လှုပ်၍၊ ထိုသူအပေါင်းတို့သည် သန့်ရှင်းသောဝိညာဉ်
တော်နှင့် ပြည့်သဖြင့်၊ ဘုရားသခင်၏နှုတ်ကပတ်တရားတော်ကို ရဲ့ရင့်စွာဟောပြောကြ၏။ ၃၂ ယုံကြည်သောသူအပေါင်းတို့
သည် စိတ်နှလုံးတညီတညွတ်တည်းရှိကြ၍ အဘယ်သူမျှ မိမိဥစ္စာတစ်စုံတစ်ခုကို ငါ့ဥစ္စာဟူ၍ မဆိုဘဲလျက်၊ ရှိသမျှသောဥစ္စာတို့
ကို ဆက်ဆံသဖြင့် သုံးဆောင်ကြ၏။ ၃၃ သခင်ယေရှုထမြောက်တော်မူခြင်းအကြောင်းကို တမန်တော်တို့သည် ကြီးသောတန်းခိုး
နှင် သက်သေခံ၍၊ ထိုသူအပေါင်းတို့သည် ကြီးသောကျေးဇူးတော်နှင့် ပြည့်စုံကြ၏၊ ၃၄ ထိုသူတို့တွင် ဆင်းရဲသောသူ
တစ်ယောက်မျှမရှိ၊ အကြောင်းမူကား၊ အိမ်၊ မြေကွက်ကို ပိုင်သောသူရှိသမျှတို့သည် ရောင်းပြီးလျှင်၊ ရသောအဖိုးကိုယူဆောင်ခဲ့၍
၃၅ တမန်တော်တို့၏ ခြေရင်း၌ထားကြသဖြင့် လူများဆင်းရဲသည်အတိုင်း အသီးအသီးတို့အား ဝေငှပေးကမ်းကြ၏၊
**(** တမန်တော်ဝတ္ထု ၄:၂၉-၃၅ **)**

## ရှာဖွေလေ့လာခြင်းဖြစ်စဉ် - ရေလောင်းခြင်းနှင့် မြေသြဇာထည့်ခြင်း

## သင်ခန်းစာဖြည့်စွက်ကျမ်းပိုဒ် - အကိုင်းအခက်များကိုချိုင်ခြင်း

( ၁ကော ၁၂:၁၂-၃၁၊ ၁ကော ၁၄:၂၆၊ ဖေက် ၄:၁-၁၆၊ ရောမ ၁၂:၃-၂၁ )

## လက်တွေ့မေးခွန်းများနှင့်နိဂုံးချုပ် - ခူးဆွတ်ရိတ်သိမ်းခြင်း - (၂တိ ၃:၁၆-၁၇)

**နိဂုံး -** ခရစ်တော်၏နောက်လိုက်များနှင့် တညီတညွတ်တည်းနေရန် ကျွန်ုပ်တို့သည် ခေါ်ခြင်းခံရကြသည်။

# အခြားသောသူများအား ချစ်ခြင်း

လောကအတွက် အလင်းဖြစ်ခြင်း

သင်ခန်းစာ

၃ - ၁၀

## သင်ခန်းစာခေါင်းစီး - မြေဆီလွှာကိုပြုပြင်ပေါင်းသင်ခြင်း

လူများကိုချစ်တတ်ရန် တပည့်တော်များအား ခရစ်တော်မှာကြားခဲ့ပါသည်။ ခရစ်ယာန်များသည် လောကသို့ ငြိမ်းချမ်းခြင်းနှင့် မျှော်လင့်ခြင်းသတင်းစကားယူဆောင်ဖို့ရန် ခေါ်ခြင်းခံရကြသည်။ ဘုရားသခင်၏မေတ္တာလိုအပ်နေသောသူများအား မေတ္တာပြသဖို့ရန် ခရစ်ယာန်များသည် ညွှန်ကြားခြင်းခံရကြသည်။

## အဓိကကျမ်းပိုဒ် - ကိုယ်နှင့် စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်လော့။ **(ရှင်မာကုခရစ်ဝင် ၁၂:၃၁)**

## သမ္မာကျမ်းစာပုံဝတ္ထု - မျိုးစေ့ကြဲခြင်း

မိတ်ဆက်ပေးခြင်းသည် ကျမ်းစာပုံတ္ထုကို နားလည်စေရန် သတင်းအချက်အလက်ပေးပါသည်။

ကိုယ်နှင့်စပ်ဆိုင်သောသူကိုချစ်ဖို့ရန် ကျမ်းစာကကျွန်ုပ်တို့အားသွန်သင်သည်။ ဘာသာရေးကျွမ်းကျင်သူများက ယေရှုအား မည်သူသည် ကိုယ်နှင့်စပ်ဆိုင်သူနည်းဟု မေးလျှောက်ကြသည်။ ယေရှုသည် ယဇ်ပုရောဟိတ်၊ လေဝိ၊ ရှမာရိလူတို့၏အကြောင်းနှင့် ဥပမာပေးပြီး တုံ့ပြန်ခဲ့သည်။ ယဇ်ပုရောဟိတ်နှင့် လေဝိတို့သည် ဘာသာရေးကိုင်းရှိုင်းသောသူများဖြစ်ကြပြီး၊ ရှမာရိလူမှဦး ယုဒအမျိုးနှင့် မပေါင်းဖော်သောလူမျိုးဖြစ်သည်။

သမ္မာကျမ်းစာပုံဝတ္ထုသည် ဤနေရာမှ အစပြုပါသည် -

၃၀ ယေရှုက၊ လူတစ်ယောက်သည် ယေရုရှလင်မြို့မှ ယေရိခေါမြို့သို့သွားရာတွင် ဓားပြနှင့်တွေ့ကြုံလေ၏။ ဓားပြတို့သည် ထိုသူ၏အဝတ်ကိုချွတ်၍ နာကျင်စွာရိုက်နှက်ပြီးမှ သေလုမတတ်ရှိသောအခါ ပစ်ထား၍ သွားကြ၏။ ၃၁ ထိုလမ်းသို့ ယဇ်ပုရောဟိတ်တစ်ယောက်သည် အမှတ်တမဲ့သွား၍ ထိုလူနာကိုမြင်လျှင် လွှဲရှောင်၍ သွားလေ၏။ ၃၂ ထိုနည်းတူ လေဝိလူတစ်ယောက်သည် ထိုအရပ်သို့ရောက်သောအခါ၊ လာ၍ ကြည့်မြင်လျှင် လွှဲရှောင်၍ သွားလေ၏။ ၃၃ ရှမာရိလူတစ်ယောက်သည် ခရီးသွားရာတွင် ထိုလူနာရှိရာသို့ရောက်၍ မြင်သောအခါ၊ ကရုဏာစိတ်ရှိသည်နှင့်၊ ၃၄ ချဉ်းကပ်၍ သူ၏အနာများကို ဆီနှင့် စပျစ်ရည်ထည့်လျက် အဝတ်နှင့်စည်းပြီးလျှင်၊ မိမိတိရစ္ဆာန်ပေါ်မှာ တင်၍ ဇရပ်တစ်ခုသို့ ဆောင်သွားပြုစုလေ၏။ ၃၅ နက်ဖြန်နေ့၌ ထွက်သွားသောအခါ၊ ဒေနာရိနှစ်ပြားကိုထုတ်၍ ဇရပ်ရှင်အားပေးလျက်၊ ဤသူကိုကြည့်ရှုပြုစုပါ။ ကုန်သမျှကို ငါပြန်လာသောအခါ ဆပ်ပေးမည်ဟု ဆို၏။ သင်သည်အဘယ်သို့ထင်သနည်း။ ၃၆ ထိုသူသုံးယောက်တို့တွင် အဘယ်သူသည် ဓားပြလက်သို့ရောက်သောသူနှင့် စပ်ဆိုင်သောသူဖြစ်သနည်းဟု ပြန်၍မေးတော်မူလျှင်၊ ၃၇ ကျမ်းတတ်ကလည်း၊ လူနာကိုသနားသောသူသည် စပ်ဆိုင်သောသူဖြစ်ပါ၏။ဟု လျှောက်သော် ယေရှုက၊ သင်သည်သွား၍ ထိုနည်းတူပြုလော့ဟု မိန့်တော်မူ၏။ **(ရှင်လုကာခရစ်ဝင် ၁၀:၃၀-၃၇)**

## ရှာဖွေလေ့လာခြင်းဖြစ်စဉ် - ရေလောင်းခြင်းနှင့် မြေသြဇာထည့်ခြင်း

## သင်ခန်းစာဖြည့်စွက်ကျမ်းပိုဒ် - အကိုင်းအခက်များကိုချိုင်ခြင်း

( ၁ယော ၃:၁၆-၁၇၊ ၁ယော ၄:၇-၁၂၊ ယောဟန် ၁၃:၃၄-၃၅၊ မဿဲ ၅:၁၄-၁၆၊ ဧဖက် ၄:၁-၃၊ ၁ကော ၁၃ )

## လက်တွေ့မေးခွန်းများနှင့်နိဂုံးချုပ် - ခူးဆွတ်ရိတ်သိမ်းခြင်း - (၂တိ ၃:၁၆-၁၇)

**နိဂုံး -** လိုအပ်သောသူများကို ဂရုစိုက်ခြင်းသည် လူများအားဘုရားသခင်၏မေတ္တာတော်ကို ထင်ရှားစေခြင်းဖြစ်သည်။ အခြားသောသူများအား ဂရုစိုက်ခြင်းမေတ္တာပြခြင်းအားဖြင့် ဘုရားသခင်အတွက် အသက်ရှင်ပါ။

# တပည့်တော်ဖြစ်စေခြင်း

ငါ့သိုးတို့ကို ကျွေးမွေးပါ

သင်ခန်းစာ
၃ - ၁၁

---

## သင်ခန်းစာခေါင်းစီး - မြေဆီလွှာကိုပြုပြင်ပေါင်းသင်ခြင်း

အခြားသောယုံကြည်သူများအား ဂရုစိုက်ဖို့ရန်နှင့် လေ့ကျင့်ပေးဖို့ရန် (တပည့်တော်ဖြစ်ရန်) ဘုရားသခင်၏မေတ္တာတော်သည် ကျွန်ုပ်တို့အား တွန်းအားပေးသည်။

**အဓိကကျမ်းပိုဒ် -** သင်တို့နှင့်အတူရှိသော ဘုရားသခင်၏သိုးတော်စုကို ထိန်းခြင်းအမှုမှာ အနိုင်ထိန်းရသောကြောင့်မဟုတ်၊ မစင်ကြယ်သောစီးပွားကို တပ်မက်သောကြောင့်မဟုတ်ပဲ၊ အလိုလိုစေတနာစိတ်ရှိ၍ ကြည့်ရှုအုပ်ထိန်းကြလော့။
**(** ရှင်ပေတရုဩဝါဒစာပထမစောင် ၅:၂ **)**

## သမ္မာကျမ်းစာပုံဝတ္ထု - မျိုးစေ့ကြဲခြင်း

မိတ်ဆက်ပေးခြင်းသည် ကျမ်းစာပုံတ္ထုကို နားလည်စေရန် သတင်းအချက်အလက်ပေးပါသည်။

ယေရှုသည် အသေခံပြီးနောက် သေခြင်းမှထမြောက်တော်မူ၏။ မနက်စောစောတစ်ရက်တွင် သူ၏တပည့်တော်များ ငါးဖမ်းနေသည်ကို တွေ့တော်မူ၏။

သမ္မာကျမ်းစာပုံဝတ္ထုသည် ဤနေရာမှ အစပြုပါသည် -

၁၂ ယေရှုကလည်း၊ လာ၍နံနက်စာကိုစားကြလော့ဟု မိန့်တော်မူ၏။ သခင်ဖြစ်တော်မူကြောင်းကို တပည့်တော်တို့သည်သိကြသောကြောင့် ကိုယ်တော်သည် အဘယ်သူနည်းဟူ၍ တစ်စုံတစ်ယောက်မျှမမေးမလျှောက်ဝံ့ကြ။ ၁၃ ယေရှုသည် လာ၍ မုန့်နှင့်ငါးကိုယူပြီးလျှင် သူတို့အားပေးတော်မူ၏။ ၁၄ ထိုပြတော်မူခြင်းကား၊ ယေရှုသည် သေခြင်းမှ ထမြောက်တော်မူသည်နောက်၊ တပည့်တော်တို့အား ကိုယ်ကို သုံးကြိမ်မြောက်သော ပြတော်မူခြင်းဖြစ်သတည်း။ ၁၅ နံနက်စာကို စားကြသည်နောက်၊ ယေရှုက ယောန၏သားရှိမုန်၊ ဤသူတို့သည် ငါ့ကို ချစ်သည်ထက် သင်သည်သာ၍ချစ်သလောဟု ရှိမုန်ပေတရုအားမေးတော်မူလျှင်၊ ဟုတ်ပါ၏သခင်။ ကိုယ်တော်ကို အကျွန်ုပ်ချစ်သည်ကို ကိုယ်တော်သိတော်မူ၏ဟု လျှောက်သော်၊ ငါ၏သိုးသငယ်တို့ကို ကျွေးမွေးလော့ဟု မိန့်တော်မူ၏။ ၁၆ တစ်ဖန်ယေရှုက၊ ယောန၏သားရှိမုန်၊ သင်သည် ငါ့ကို ချစ်သလော့ဟု ဒုတိယအကြိမ်မေးတော်မူလျှင်၊ ဟုတ်ပါ၏သခင်၊ ကိုယ်တော်ကို အကျွန်ုပ်ချစ်သည်ကို ကိုယ်တော်သိတော်မူ၏ဟုလျှောက်သော်၊ ငါ၏သိုးတို့ကို ထိန်းလော့ဟုမိန့်တော်မူ၏။ ၁၇ ယေရှုကလည်း၊ ယောန၏သားရှိမုန်၊ သင်သည် ငါ့ကိုချစ်သလော့ဟု တတိယအကြိမ်မေးတော်မူလျှင်၊ သင်သည်ငါ့ကိုချစ်သလောဟု သုံးကြိမ်မြောက်အောင်မေးတော်မူသောကြောင့် ပေတရုသည် စိတ်နာသဖြင့်ဦ သခင်၊ ကိုယ်တော်သည် ခပ်သိမ်းသောအရာတို့ကိုသိတော်မူ၏။ ကိုယ်တော်ကို အကျွန်ုပ်ချစ်သည်ကို ကိုယ်တော်သိတော်မူ၏ဟု လျှောက်သော်၊ ယေရှုက ငါ၏သိုးတို့ကို ကျွေးမွေးလော့။ **(** ရှင်ယောဟန်ခရစ်ဝင် ၂၁:၁၂-၁၇ **)**

## ရှာဖွေလေ့လာခြင်းဖြစ်စဉ် - ရေလောင်းခြင်းနှင့် မြေဩဇာထည့်ခြင်း

## သင်ခန်းစာဖြည့်စွက်ကျမ်းပိုဒ် - အကိုင်းအခက်များကိုချိုင်ခြင်း

( ၁သက် ၅:၁၁၊ မဿဲ ၂၈:၁၉-၂၀၊ ၂တိ ၂:၂၊ ၂တိ ၄:၂-၅၊ တမန် ၂၀:၂၈၊ ၁ကော ၉:၁၆-၁၈ )

## လက်တွေ့မေးခွန်းများနှင့်နိဂုံးချုပ် - ခူးဆွတ်ရိတ်သိမ်းခြင်း - (၂တိ ၃:၁၆-၁၇)

**နိဂုံး -** တပည့်တော်များ မွေးထုတ်ရန် သူ၏နောက်လိုက်များအား ခရစ်တော်မှာကြားခဲ့သည်။ တပည့်တော်ဖြစ်စေခြင်းဆိုသည်မှာ ယုံကြည်သူများသည် ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ခြင်းတွင် ကြီးပွားရင့်ကျပ်လာမည့်အကြောင်း ကျွန်ုပ်တို့သည် သွန်သင်ပေးခြင်းနှင့် ထောက်မပေးခြင်းဖြစ်ပါသည်။

# တပည့်တော်ဖြစ်စေခြင်း

ကျွန်ုပ်တို့တပည့်တော် မွေးထုတ်သောအခါ ခရစ်တော်သည် ကျွန်ုပ်တို့နှင့်အတူရှိတော်မူ၏

သင်ခန်းစာ
၃ - ၁၂

## သင်ခန်းစာခေါင်းစီး - မြေဆီလွှာကိုပြုပြင်ပေါင်းသင်ခြင်း

ယေရှုသည် လူသားအားလုံးကို အလွန်ချစ်တော်မူသောကြောင့် သူ၏နောက်လိုက်များအား တပည့်တော်များကိုမွေးထုတ်ရန် စေခိုင်းခဲ့ခြင်းဖြစ်သည်။ သူ၏နောက်တော်လိုက်များအားတပည့်တော်များမွေးထုတ်သောအခါ မိမိသည် အတူရှိနေသည်ဖြစ်ကြောင်း ဂတိတော်ပေးထားသည်။

**အဓိကကျမ်းပိုဒ်** - သင်တို့နှင့်အတူရှိသော ဘုရားသခင်၏သိုးတော်စုကို ထိန်းခြင်းအမှုမှာ အနိုင်ထိန်းရသောကြောင့်မဟုတ်၊ မစင်ကြယ်သောစီးပွားကို တပ်မက်သောကြောင့်မဟုတ်ပဲ၊ အလိုလိုစေတနာစိတ်ရှိ၍ ကြည့်ရှုအုပ်ထိန်းကြလော့။
**( ရှင်ပေတရုဩဝါဒစာပထမစောင် ၅:၂ )**

## သမ္မာကျမ်းစာပုံဝတ္ထု - မျိုးစေ့ကြဲခြင်း

မိတ်ဆက်ပေးခြင်းသည် ကျမ်းစာပုံတ္ထုကို နားလည်စေရန် သတင်းအချက်အလက်ပေးပါသည်။

ယေရှုသည် အသေခံခဲ့ပြီးနောက် ဂူသင်္ချိုင်းထဲတွင် သုံးရက်မြုပ်နှံခြင်းခံခဲ့သည်။ ထိုဂူသင်္ချိုင်းသည် ယခုတွင် ဗလာနတိဖြစ်ကြောင်း တပည့်တော်များ သင်ယူနားလည်ပြီးဖြစ်ပါသည်။

သမ္မာကျမ်းစာပုံဝတ္ထုသည် ဤနေရာမှ အစပြုပါသည် -

၁၆ တစ်ကျိပ်တစ်ပါးသော တပည့်တော်တို့သည် ဂါလိလဲပြည့်သို့ သွား၍ ယေရှုမှာထားတော်မူသော တောင်ပေါ်သို့ တက်ကြလျှင်၊ ကိုယ်တော်ကိုတွေ့မြင့်၍ ပျပ်ဝပ်ကိုးကွယ်ကြ၏။ ၁၇ အချို့တို့သည် ယုံမှားခြင်းရှိကြ၏။ ၁၈ ယေရှုသည်အနီးအပါးသို့ ချဉ်းတော်မူပြီးလျှင်၊ ကောင်းကင်ဘုံ၌လည်းကောင်း၊ မြေကြီးပေါ်၌လည်းကောင်း၊ စီရင်ပိုင်သော အခွင့်တန်ခိုးရှိသမျှတို့ကို ငါခံရပြီ။ ၁၉ သင်တို့သွား၍ လူမျိုးတကာတို့ကို င့ါတကည့်ဖြစ်စေလျက်၊ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏နာမ၌ ဗတ္တိဇံကိုပေးကြလော့။ ၂၀ ငါသည် သင်တို့အား ပေးသမျှသော ပညတ်တော်တို့ကို စောင့်ရှောက်စေခြင်းငှာ ဆုံးမဩဝါဒပေးကြလော့။ ငါသည်လည်း ကပ်ကမ္ဘာကုန်သည်တိုင်အောင် သင်တို့နှင့်အတူ အစဉ်မပြတ်ရှိသည်ဟု တပည့်တော်တို့အား မိန့်တော်မူ၏။
**(ရှင်မဿဲခရစ်ဝင် ၂၈:၁၆-၂၀)**

## ရှာဖွေလေ့လာခြင်းဖြစ်စဉ် - ရေလောင်းခြင်းနှင့် မြေဩဇာထည့်ခြင်း

## သင်ခန်းစာဖြည့်စွက်ကျမ်းပိုဒ် - အကိုင်းအခက်များကိုချိုင်ခြင်း

( ယောဟန် ၁၄:၁၅-၁၇၊ ဟေဗြဲ ၁၃:၅-၆၊ ၂တိ ၂:၂၊ တမန် ၂၄:၄၂-၄၇ )

## လက်တွေ့မေးခွန်းများနှင့်နိဂုံးချုပ် - ခူးဆွတ်ရိတ်သိမ်းခြင်း - (၂တိ ၃:၁၆-၁၇)

နိဂုံး - တပည့်တော်များမွေးထုတ်ရန် သူ၏တပည့်တော်များအား ခရစ်တော်မိန့်ကြားခဲ့သည်။ ခရစ်တော်အားသိကျွမ်းခြင်းနှင့် ယုံကြည်ခြင်းအရာတွင် ကြီးပွားမည့်အကြောင်း ခရစ်တော်၏နောက်လိုက်များသည် ထိုယုံကြည်သူ လူသစ်များကို သွန်သင်ဖို့ရန် ခေါ်ခြင်းခံရကြသည်။

# တပည့်တော်ဖြစ်စေခြင်း

## ယုံကြည်သူများအား ခွန်အားပေးခြင်းနှင့် ရဲရင့်စေခြင်း

သင်ခန်းစာ

၃ - ၁၃

### သင်ခန်းစာခေါင်းစီး - မြေဆီလွှာကိုပြုပြင်ပေါင်းသင်ခြင်း

ယုံကြည်သူများအနေဖြင့် ကျွန်ုပ်တို့အားလုံးသည် ယုံကြည်ခြင်း၌ ခွန်အားနှင့်လည်းကောင်း၊ ရဲရင့်ခြင်းနှင့်လည်းကောင်း ပြည့်ဝဖို့လိုအပ်သည်။ ဘုရားသခင်၏ မိသားစုဝင်အနေဖြင့် ကျွန်ုပ်တို့သည် အချင်းချင်းလေ့ကျင့်ပေးရန်နှင့် ခွန်အားပေးရန် လိုအပ်ပါသည်။

**အဓိကကျမ်းပိုဒ် -** သင်တို့နှင့်အတူရှိသော ဘုရားသခင်၏သိုးတော်စုကို ထိန်းခြင်းအမှုမှာ အနိုင်ထိန်းရသောကြောင့်မဟုတ်၊ မစင်ကြယ်သောစီးပွားကို တပ်မက်သောကြောင့်မဟုတ်ပဲ၊ အလိုလိုစေတနာစိတ်ရှိ၍ ကြည့်ရှုအုပ်ထိန်းကြလော့။
**(** ရှင်ပေတရုဩဝါဒစာပထမစောင် ၅:၂ **)**

### သမ္မာကျမ်းစာပုံဝတ္ထု - မျိုးစေ့ကြဲခြင်း

မိတ်ဆက်ပေးခြင်းသည် ကျမ်းစာပုံတ္ထုကို နားလည်စေရန် သတင်းအချက်အလက်ပေးပါသည်။

ရှင်ပေါလုနှင့် ဗာနဗသည် တစ်မြို့မှ တစ်မြို့သို့သွားလာရင်း ခရစ်တော်အကြောင်း ဝေငှလျက်ရှိပါသည်။

သမ္မာကျမ်းစာပုံဝတ္ထုသည် ဤနေရာမှ အစပြုပါသည် -

၂၀ ... နက်ဖြန်နေ့၌ ဗာနဗနှင့်တကွ ဒေရဗေမြို့သို့ ထွက်သွားလေ၏။ ၂၁ ထိုမြို့၌ ဧဝံဂေလိတရားကို ဟောပြော၍ လူများတို့ကို တပည့်တော်ဖြစ်စေပြီးမှ၊ လုတ္တရမြို့၊ ဣကောနိမြို့၊ အန္တိအုတ်မြို့တို့ကို အစဉ်အတိုင်း လှည့်လည်၍ ပြန်ကြ၏။ ၂၂ ထိုသို့ ပြန်ကြစဉ်၊ တပည့်တော်များ၏စိတ်နှလုံးကို မြဲမြံခိုင်ခံ့စေသဖြင့်၊ ယုံကြည်ခြင်း၌ တည်ကြည်မည်အကြောင်း နှိုးဆော်ချီပင့်၍ ငါတို့သည် များပြားသောဆင်းရဲဒုက္ခကိုခံ၍ ဘုရားသခင်၏နိုင်ငံတော်သို့ ဝင်ရကြမည်ဟု ဟောပြောပြည့်ဆွန်ကြ၏။ ၂၃ အသင်းတော်များတို့၌ သင်းအုပ်တို့ကို ခန့်ထား၍၊ အစာရှောင်လျက်ဆုတောင်းပတ္ထနာပြုပြီးလျှင်၊ သင်းဝ၍်သူတို့ယုံကြည်သောသခင်ဘုရား၏လက်တော်သို့ ထိုအသင်းတော်တို့ကို အပ်နှံကြ၏။ **(** တမန်တော်ဝတ္ထု ၁၄:၂၀-၂၃ **)**

### ရှာဖွေလေ့လာခြင်းဖြစ်စဉ် - ရေလောင်းခြင်းနှင့် မြေဩဇာထည့်ခြင်း

### သင်ခန်းစာဖြည့်စွက်ကျမ်းပိုဒ် - အကိုင်းအခက်များကိုချိုင်ခြင်း

( တမန် ၁၈:၂၃၊ ၁သက် ၅:၁၃-၁၅၊ တမန် ၂:၄၂-၄၇၊ တမန် ၁၁:၂၅-၃၀၊ တမန် ၁၅:၃၀-၄၀ )

### လက်တွေ့မေးခွန်းများနှင့်နိဂုံးချုပ် - ရူးဆွတ်ရိတ်သိမ်းခြင်း - (၂တိ ၃:၁၆-၁၇)

နိဂုံး - သစ္စာရှိသော ခရစ်တော်၏နောက်လိုက်ကောင်းဖြစ်ဖို့ရန် တစ်ဦးနှင့်တစ်ဦး ခွန်အားပေး တည်ဆောက်ပေးဖို့ရန် လိုအပ်ပါသည်။